- နိုဝင်ဘာလအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
- CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု
- CDM ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ
- ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ
- နိုဝင်ဘာလအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု
- ပြည်ထောင်စုဝန်ကြီး စကားသံ
- ဆောင်းပါးကဏ္ဍ (ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှု - မြန်မာနိုင်ငံသည် ထာဝရ ဓားစာခံဖြစ် (အပိုင်း-၃))
- ကဗျာကဏ္ဍ (သမိုင်းသစ်မဲဇာ)
- ကာတွန်းကဏ္ဍ
- ဒီဇင်ဘာလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ် နေ့များ


# သတင်းလွှာ

အတွဲ ၂ ၊ အမှတ် ၁၀ ၃၀၊ နိုဝင်ဘာလ၊ ၂၀၂၃

အမျိုးသားညီညွတ်ရေးအစိုးရ . သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန


# MONRECNEWS



Cover Image: unsplash.com/@kt2080

# နိုဝင်ဘာလအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ


## ၁။ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၅/၂၀၂၃) အစည်းအဝေး ကျင်းပခြင်း


ပြည်ထောင်စုဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုအဆင့် သယံဇာတစီမံ အုပ်ချုပ်မှုအဖွဲ့၏ (၅ / ၂၀၂၃) အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ကြီး များ၊ ဒုဝန်ကြီးများ၊ အတွင်းဝန်များ၊ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ အတွင်းဝန်နှင့် ရုံးအဖွဲ့များ၊ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေး မှူးရုံး အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင် သန်းက အဖွင့်အမှာစကားပြောကြားရာတွင် “အားလုံးသိရှိထားကြတဲ့အတိုင်း လက်ရှိအခြေ အနေအရ မြေပြင်တွင် မိမိတို့ဘက်မှ ထိုးစစ်စတင်ဆင်နွှဲနေတာဖြစ်ပြီး အောင်ပွဲများ ဆက်တိုက် ရရှိနေတာ ဖြစ်ပါကြောင်း၊ အောင်ပွဲများရရှိသလို မိမိတို့ရဲဘော်များလည်း ထိခိုက်ဆုံးရှုံးမှုများရှိ ကြောင်း ဝမ်းနည်းစွာကြားသိရပါကြောင်း၊အရှိန်အဟုန်ဖြင့်ဆင်နွှဲနေသော နွေဦးတော်လှန်ရေးအတွက် မိမိတို့ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှု အဖွဲ့ဝင် ဝန်ကြီးဌာနများ အနေ ဖြင့် တော်လှန်ရေးကာလအလွန် စီမံခန့်ခွဲရေးနည်းလမ်းများကို ကြိုတင်ပြင်ဆင်ထားကြဖို့ကို လည်း တိုက်တွန်းလိုပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းက စတင်ဖွဲ့စည်းခဲ့သည့် NAB-NR ၏ ရည်ရွယ်ချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြတဲ့ အဖွဲ့ဝင် ဝန်ကြီးဌာန ၅ ခုကိုလည်း ကျေးဇူးတင် ဂုဏ်ပြုကြောင်း၊ တော်လှန်ရေးကာလနှင့် လိုက်လျော ညီထွေဖြစ်စေမည့် မူဝါဒများ၊ လမ်းညွှန်မှုများကို တီထွင်ကြံဆပြီး ချမှတ်ထုတ်ပြန်ဆောင်ရွက်ပေးနေတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့စပ်လျဉ်း ပြီး ချမှတ်ထားတဲ့ မူဝါဒတွေကို လေးစားလိုက်နာကြဖို့နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့၊ မိမိတို့ အစိုးရက ချမှတ်ထားတဲ့ မူဝါဒများကို လိုက်နာပါမှသာ မိမိတို့က တာဝန်ယူပေးမှာ ဖြစ်ကြောင်း ကို တာဝန်ပေးအပ်ထား

တဲ့ သက်ဆိုင်ရာ ဆက်သွယ်ရေး တာဝန်ခံများမှတဆင့် သတင်းစကား သေချာပါးပေးဖို့ အရေးကြီးပါကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်း စဉ်ဆောင်ရွက်ပြီးစီးမှုများကို ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ တွဲဖက်အတွင်းရေးမှူးက တင်ပြခဲ့ပါသည်။




သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက တင်ပြခဲ့ကြပါသည်။ တင်ပြချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များက ဝိုင်းဝန်းဆွေးနွေးအကြံပြုဆုံးဖြတ်ခဲ့ကြပါသည်။ ဆက်လက်၍ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၅/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်း စဉ်များ ချမှတ်ခဲ့ကြပြီးနောက် မှတ်တမ်းဓာတ်ပုံရယူကာ အစည်းအဝေးကို ရုပ်နားခဲ့ပါသည်။


## ၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနနှင့် သယံဇာတစီမံအုပ်ချုပ်မှုမြို့နယ်အဖွဲ့များ တွေ့ဆုံသည့် အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကျင်းပပြုလုပ်ခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် သယံဇာတစီမံအုပ်ချုပ်မှုမြို့နယ်အဖွဲ့များ တွေ့ဆုံသည့် အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)ကို၂၀၂၃ခုနှစ်၊နိုဝင်ဘာလ (၁၂) ရက်နေ့၊ နေ့လယ်(၃း၀၀)နာရီ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်က အစည်းအဝေးအဖွင့် အမှာ စကား ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိ သူများက ရှင်းလင်းပြောကြားခဲ့ပြီး၊

ခရိုင် (၁၀)ခရိုင်ရှိ မြို့နယ် (၂၆) မြို့နယ်တို့မှ ခရိုင်သယံဇာတ တာဝန်ခံများ၊ သယံဇာတစီမံ အုပ်ချုပ်မှုမြို့နယ် အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ပါသည်။

တက်ရောက်လာကြသည့် ခရိုင်သယံဇာတ တာဝန်ခံများ၊သယံဇာတစီမံအုပ်ချုပ်မှုမြို့နယ် အဖွဲ့တို့မှ သိရှိလိုသည်များ မေးမြန်းခြင်း နှင့် မြေပြင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ ရသည့် စိန်ခေါ်မှုများကို ပွင့်လင်း မြင်သာစွာ တင်ပြဆွေးနွေးခြင်း၊ ပြည်ထောင်စု ဝန်ကြီးနှင့် တကွ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက မေးခွန်းများဖြေကြားခြင်း နှင့် စုပေါင်း ဝိုင်းဝန်း ဆွေးနွေးအဖြေရှာခြင်း များ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ တူးခေါင်နှင့် ပြည်ထောင်စုဒုတိယ ဝန်ကြီး ခွန်းစောဖူးတို့က နိဂုံးချုပ်အမှာစကား များ ပြောကြား ၍ အစည်းအဝေးကို ညနေ (၅း၀၀) နာရီအချိန်တွင် ရပ်နားခဲ့ပါသည်။



## ၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်ထောင်စု ဝန်ကြီးချုပ် နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဝန်ထမ်း များ တွေ့ဆုံ ဆွေးနွေးပွဲ အခမ်းအနား ပြုလုပ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသား ညီညွတ်ရေးအစိုးရ၏ ပြည်ထောင်စု ဝန်ကြီးချုပ်နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းများတွေ့ဆုံ ဆွေးနွေး ပွဲကို နိုဝင်ဘာ ၁၈ ရက်နေ့ နံနက် မြန်မာစံတော်ချိန် (၁၀) နာရီအချိန်တွင် ပြုလုပ်ခဲ့ပြီး ပြည်ထောင်စု ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းမှ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ်က “သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ ဆိုရင် အမျိုးသားညီညွတ်ရေးအစိုးရအနေ နဲ့ တော်လှန်ရေးကာလ လိုအပ်ချက်အရ ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနတခုလည်းဖြစ် ပြီး သယံဇာတ ပေါကြွယ်ဝပြီးဆင်းရဲလွန်းတဲ့ ကျွန်တော်တို့ နိုင်ငံမှာ ခေတ်အဆက်ဆက် စစ် အာဏာရှင်များဟာ သူတို့ သက်ဆိုးရှည်နိုင်ဖို့ အတွက် သယံဇာတများ ကို လက်လွှတ်စပယ် လုပ်ကွက်ချပေးတာတွေ လုပ်ဆောင်ခဲ့ တာတွေကြောင့် သယံဇာတ ကျိန်စာသင့်

တဲ့ တိုင်းပြည်လို့တောင် ကင်ပွန်းတပ်ခံရတဲ့ တိုင်းပြည်တစ်ခု ဖြစ်ပါတယ်။ ဒီတော်လှန်ရေး ကာလမှာလည်း၊ တော်လှန်ရေးဆင်နွှဲနေကြချိန်မှာ တိုင်းပြည်ရဲ့ သယံဇာတ တွေ လက်လွတ်စပယ်စီမံကြတာမျိုးမဖြစ်အောင် အဓိကရည်ရွယ်ခဲ့ပေမယ့် နောက်ပိုင်းမှာ အခွန်ဘဏ္ဍာကဏ္ဍအတွက် အတော်လေးကြိုးပမ်းလုပ်ဆောင်နိုင်ပြီး တော်လှန်ရေးအတွက် အထူးအကျိုးပြုဆောင်ရွက်ပေးနိုင်ကြတာ တွေ့ရလို့ အင်မတန်အားရမိပါတယ်။ မြေပြင်မှာ ဖြစ် ပေါ်နေတဲ့ကိစ္စရပ်များကို စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး အချိန်နဲ့ တပြေးညီ ဖြေရှင်းဆောင် ရွက်နိုင်တဲ့အတွက်လည်း ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေကြသူအားလုံးကို ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါတယ်။ ဖက်ဒရယ်စနစ်မှာ ကျင့်သုံးကြရမယ့် သယံဇာတဆိုင်ရာ စီမံမှုတွေ ကိုလည်း အသိပညာပေးမှုတွေ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြဖို့နဲ့ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ သတိထားလိုက်ရမယ့်ကိစ္စရပ်များကို ပြည်သူလူထုအနေနဲ့ သိရှိလိုက်နာ ဆောင်ရွက်နိုင်ဖို့အတွက် ဝန်ကြီးဌာနမှ လုပ်ဆောင်ပေးပါရန် ထပ်မံပြီးတိုက်တွန်းပြောကြား လိုပါတယ်။ “ ဟု ပြောကြားခဲ့ပါသည်။

ထို့နောက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာတူးခေါင်မှ ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များ ၊ အခက်အခဲများနှင့် စိန်ခေါ်မှု များကို ဦးဆောင် ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စု ဝန်ကြီးမှ “ဝန်ကြီးဌာန၏ လုပ်ဆောင် ချက်များ ဖြစ်သော သစ်တောသယံဇာတစီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဌာန၏ လုပ်ငန်းစဉ်များ၊ သစ်လုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ကျောက်မျက်နှင့် ပုလဲလုပ်ငန်းများ ဆောင်ရွက်နေမှုများ” အား ဆွေးနွေး တင်ပြခဲ့ပါသည်။

တာဝန်ရှိသူတစ်ဦးမှလည်း ဝန်ကြီးဌာနမှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသွားခဲ့ပါသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများမှ သိရှိလိုသည်များ၊ တင်ပြလို သည်များကို ဆွေးနွေးမေးမြန်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးချုပ်မှ နိဂုံးစကားပြောကြား၍ အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။



## ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ကြားကာလလုပ်ငန်းများအနက် ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် CDM ဝန်ထမ်းများအတွက် အသိပညာမြှင့်တင်ရေး အွန်လိုင်း ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း "သဘာဝပတ်ဝန်း ကျင်နှင့်ပတ်သက်၍ နောက်ဆုံးပြောင်းလဲဖြစ်ပေါ်နေမှုများ၊ တာဝန်များနှင့် လက်လွှတ်မသင့်သော အခွင့်အရေးများ" (တက်ရောက်သူ-၆၅ ဦး)၊ "ရွှေ" (တက်ရောက်သူ-၈၇ ဦး) ခေါင်းစဉ် များဖြင့် ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး နိုဝင်ဘာလအတွင်း ဆွေးနွေးပွဲ တက်ရောက်သူဦးရေ စုစုပေါင်း (၁၅၂) ဦး ရှိခဲ့ပါသည်။

## အောက်တိုဘာလအတွင်း CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု


- နွေဦးထိရောင်းရငွေ - ၅၅ ဦး (၁,၈၇၀,၀၂၃) ကျပ်
- ပြည်သူ့ရေးရာကော်မတီ - ၁ ဦး (၅၀,၀၀၀) ကျပ်
- ဝန်ကြီးရုံးရန်ပုံငွေ - ၆၄ ဦး (၃,၀၀၀,၀၀၀) ကျပ်
- ပြင်ပအလှူရှင် - ၁၉ ဦး (၃,၄၀၀,၀၀၀) ကျပ်

**(၂၀၂၃ ခုနှစ် အောက်တိုဘာလ အတွင်း (၈,၃၂၀,၀၂၃) ကျပ် ထောက်ပံ့ခဲ့ပါသည်။)**

# CDM ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ

CDM ဝန်ထမ်းများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေး လုပ်ငန်းစဉ်များအပေါ် သိမြင်နားလည်မှုများ၊ ဖက်ဒရယ်ဒီမိုကရက်စီ ဖော်ဆောင်ရေး လမ်းစဉ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနယ်ပယ်ဆိုင်ရာကိစ္စရပ်များအပေါ် သဘောပေါက်နားလည်မှုများတို့ကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ "အနာဂတ်ဖယ်ဒရယ် ဒီမို ကရက်တစ် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်ဆက်စပ်သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း" ကို နိုဝင်ဘာလ (၁၃) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းဌာနများမှ CDM ဝန်ထမ်းသင်တန်းသား/သူ (၂၀) ဦးတက်ရောက်ခဲ့ပါသည်။

## ကာတွန်းကဏ္ဍ



# နိုဝင်ဘာလအတွင်း
## တရားမဝင်သစ် ဖမ်းဆီးရရှိမှု

- ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်မှ တရားမဝင် ကျွန်း သစ်လုံး (၁၇၀) ခန့်၊ ကျွန်း ခွဲသား (၈.၃၁၉) တန်နှင့် အခြား ဆက်စပ်ပစ္စည်းများအား မြို့နယ်သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့(TAB-NR)အဖွဲ့ဝင်များ၊တိုက်နယ် ပအဖများ၊ ပကဖများနှင့် ပလဖများမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြား ကာလ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- ကန့်ဘလူခရိုင်မှ တရားမဝင် ကျွန်း ခွဲသား (၄၄) ချောင်း (၅.၃၄၃၂) တန်၊ အင် ခွဲသား (၁၀.၇၉၂) တန် နှင့် တရားခံ (၃) ဦးတို့အား မြို့နယ်သယံဇာတစီမံအုပ်ချုပ်မှု အဖွဲ့(TAB-NR) အဖွဲ့ဝင်များ၊ မြို့နယ် ပလဖ များ၊ တိုက်နယ် ပအဖ များ၊ ပကဖ များမှ ဖမ်းဆီးရမိခဲ့ပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြားကာလ လုပ်ထုံးလုပ်နည်း များအတိုင်း အရေးယူ ဆောင်ရွက်ပြီးဖြစ်ပါသည်။







# ဆောင်းပါးကဏ္ဍ

## ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှု - မြန်မာနိုင်ငံသည် ထာဝရဓားစာခံဖြစ်

### မြန်မာနိုင်ငံသည် ထာဝရဓားစာခံ

မြန်မာနိုင်ငံသည် အပူချိန်များ မြင့်တက်လာသည်နှင့်အမျှ ပြင်းထန်သော ရာသီဥတုအခြေအနေများနှင့် ရင်ဆိုင်ရနိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်းများ ပိုများလာခြင်း၊ မုန်တိုင်းများ ပိုများလာခြင်း၊ ရေကြီးမှုနှင့် မိုးခေါင်မှု ပိုများလာမည်။ ရာစုနှစ်အပြောင်းအရွေ့ကတည်းက ဆိုင်ကလုန်းမုန်တိုင်းများသည် နှစ်စဉ် နှစ်တိုင်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖျက်ဆီးခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး သုံးခု၏ အပူပိုင်းဇုန်တွင် မြို့နယ်ပေါင်း ၅၈ ခု လွှမ်းခြုံထားပြီး ၁၉၉၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပြင်းထန်သော မိုးခေါင်မှု အကြိမ်ရေ တိုးလာကာ ၂၀၁၀ ပြည့်နှစ်တွင် အပြင်းထန်ဆုံး မိုးခေါင်မှု ဖြစ်ပွားခဲ့ပြီး အပူချိန် လွန်ကဲမှု ၄၇.၂ အထိ ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် စိုးရိမ်စရာအချက်မှာ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကြောင့် ကမ္ဘာကြီးပူနွေးလာမှု တိုးမြင့်လာပြီး မိုးခေါင် ရေရှားမှုဒဏ် အများဆုံးခံစားရမည့် အပူပိုင်းဇုန်၊ ရေကြီးရေလျှံမှုဒဏ်ကို မြစ်ဝကျွန်းပေါ်ဒေသ နှင့် လူဦးရေ အထူထပ်ဆုံးဒေသများတွင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲ ဖောက်ပြန်မှု၏ ဆိုးကျိုးဒဏ်ကို အများဆုံး ခံရနိုင်သည် (Toking a Holistic, People-Centered Approach to Development)။

၂၀၁၈ ခုနှစ်အစောပိုင်းတွင် World Wildlife Fund (WWF) သို့မဟုတ် World Wide for Nature Shows မှ ရာသီဥတု ပုံစံအသစ်ကို တင်ပြထားသကဲ့သို့ အဆိုပါလမ်းကြောင်းများသည် အနာဂတ်တွင် ထာဝရ ပိုမိုပြင်းထန်လာဖွယ်ရှိသည်။ Columbia တက္ကသိုလ်ရှိ ရာသီဥတုစနစ်၊သုတေသနစင်တာမှသုတေသီများသည် ဇလဗေဒနှင့် မိုးလေဝသဌာနနှင့် ပူးပေါင်းကာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အခြေအနေများအောက်တွင် မြန်မာနိုင်ငံ၏ အနာဂတ်ကို ဒေသဆိုင်ရာစီမံကိန်းစီမံချက်များအတွက် ခေတ်မီသော ရာသီဥတုပုံစံများကို အသုံးပြုခဲ့ကြ သည်။ ရှေးရိုးစွဲအနည်းဆုံးအခြေအနေများအရ မြန်မာနိုင်ငံတွင် ရာစုနှစ်အလယ်ပိုင်းတွင် အပူချိန် ၁.၃ မှ ၂.၇ ဒီဂရီကြား တိုးလာမည်ဖြစ်ပြီး ၂၀၁၁-၄၀ တွင် ၂ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းနှင့် ၂၀၄၁-၇၀ တွင် ၆-၂၇ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည်။

WWF Myanmar ၏ အစိမ်းရောင်စီးပွားရေး အစီအစဉ်မန်နေဂျာ မစ္စဟန်နာဟယ်ဆင်ဂျင်က ခန့်မှန်းချက်များသည် ပုံမှန်အားဖြင့်

ရာသီဥတု အတုအယောင်များကဲ့သို့ မရေရာမှုများ ရှိနေဆဲ ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ "နောက်ထပ် ရေကြီးမှု၊ မိုးခေါင်မှု၊ အပူလှိုင်းတွေ အတွက် တုံ့ပြန်ဖို့နဲ့ အရေးပေါ် ဘေးအန္တရာယ်တွေအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရမယ် ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး" ဟု သူမက ပြောကြားခဲ့သည်။ ရာသီဥတုဖောက်ပြန်မှု ကြောင့် ခြိမ်းခြောက်မှုများသည် အစိုးရအပေါ်လည်း ဆက်လက်အရာထင်နေမှုများကလည်း ပျောက်ပျက်လျော့ပါးသွားမှာ မဟုတ်ဘူးဆိုတာကိုလည်း အရပ်ဖက်အစိုးရများရဲ့ တာဝန်ယူ တာဝန်ခံသတိမူမှုကို ဆက်လက်လုပ်ဆောင်ဖို့လိုအပ်ပါသည် (Meyer, 2016)။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် အမျိုးမျိုးသော ပါဝင်ဆောင်ရွက်မှုများ စတင် လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ဆောင်ချက်စီမံချက် (၂၀၁၆-၂၀၃၀) သည် အနာဂတ်အတွက် သက်ဆိုင်သည်။ (Conservation, 2017) ၂၀၁၃-၂၀၁၅ ခုနှစ်မှစတင်၍ UNDP ၏ ပတ်ဝန်းကျင်၊ ရာသီဥတု ပြောင်းလဲမှု၊ စွမ်းအင်နှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးစီမံကိန်းသည် လိုက်လျောညီထွေ ဖြစ်မှု၊ ကြိုတင်ပြင်ဆင်မှုနှင့် တုန့်ပြန်ဆောင်ရွက်ရာတွင် ကုန်ကျစရိတ် ထိရောက်ပြီး လျော့ပါးသက်သာစေရေးတို့တွင် ဒေသခံပြည်သူများ၏ ပါဝင်မှုကို မြှင့်တင်ပေးခဲ့ပါသည်။ ယင်းစီမံကိန်း သည် နယ်ပယ်အားလုံးတွင် ကျား-မ အချိုးအစား ပါဝင်မှုကို ပံ့ပိုးပေးခြင်းဖြင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အခန်းကဏ္ဍတွင် ကျား-မ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု ခွဲခြမ်းစိတ်ဖြာမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်း/လုပ်ထုံးလုပ်နည်းများနှင့် ဘေးအန္တရာယ် ဆိုင်ရာ အချက်အလက်ပေါင်းစုံကို လွှမ်းခြုံနိုင်ရေးကို ပြင်ဆင်နိုင်ခဲ့သည် (ထိန်းသိမ်းရေး၊ 2017)။

မြန်မာ့ရာသီဥတုပြောင်းလဲမှု လိုက်လျော ညီထွေဖြစ်စေရေး စီမံကိန်းသည် မကြာသေးမီက WWF နှင့် ပူးပေါင်း၍ ရေရှည်တည်တံ့သော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် စီမံ ဆောင်ရွက်မည့် ရှေ့ပြေးစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး အလယ်ပိုင်း၊ အပူပိုင်းဇုန်ရှိ ပခုက္ကူ မြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနိုင်ရည်ရှိမှု လွန်စွာ ကြုံတွေ့နေရကြောင်း သရုပ်ပြခဲ့သည်။ ၎င်းတို့၏ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေး တည်ဆောက် ရာတွင် ပါဝင်နိုင်ရန် ဒေသတခုစီ၏ ရာသီဥတု ခန့်မှန်းချက်များကို ဒေသန္တရအစိုးရဌာနများနှင့် ရပ်ရွာလူထုထံ တင်ပြခဲ့သည် (Schlaefli၊ မြန်မာနိုင်ငံ သည် ရာသီဥတုပြောင်းလဲမှုအတွက် အဆင်သင့်ဖြစ်ပြီလား။ 2016)

သီအိုရီအရ ရာသီဥတုလိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ချက်များကို ယနေ့မြန်မာနိုင်ငံ တွင် စတင် အသုံးပြုနိုင်ရန် အဆင်သင့်ဖြစ်နေပါပြီ။ သို့သော် ကမ်းရိုးတန်းတလျှောက်ရှိ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ မပျောက်ပျက်စေရန်နှင့် အပူပိုင်းဇုန်ရှိ တောင်သူများ ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရန်တို့အတွက် ဒေါ်လာသန်းပေါင်းများစွာ အကုန် အကျခံ သုံးစွဲရန် လိုအပ်မည်ဖြစ်သည်။ ပိုမိုတင်းကျပ်သော စိန်ခေါ်မှုမှာ ရာသီဥတုပြောင်းလဲမှု ၏ သက်ရောက်မှုများကို လျော့ပါးသက်သာစေရန် လိုအပ်သော ကျွမ်းကျင်မှုကို တည်ဆောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် အချိန်တိုအတွင်း ရာသီဥတုနှင့် လိုက် လျောညီထွေဖြစ်အောင် ကျွမ်းကျင်မှုတည်ဆောက်ရန် လိုအပ်သည် (Schlaefli၊ မြန်မာနိုင်ငံသည် ရာသီ ဥတုပြောင်းလဲမှု အတွက် အဆင်သင့်ဖြစ်ပြီလား? ၂၀၁၆)။

လူထုခေါင်းဆောင်များသည် ရွာသားများနှင့် ပိုမိုကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဒေသအဆင့်တွင် ရာသီဥတုဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ထုတ်ပေးရန်နှင့် ဖြန့်ဝေရန်အတွက် လာမည့် ဆယ်စုနှစ်များအတွင်း ရာသီဥတု လိုက်လျောညီထွေမှုဆိုင်ရာ အစီအမံများ လက်တွေ့လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ ရာသီဥတုပြောင်းလဲမှုအပေါ် ဒေသရင်းမျိုးစိတ်များနှင့် ဂေဟစနစ်များ၏ တုံ့ပြန်မှုများကိုလည်း မှတ်တမ်းတင်ရန် လိုအပ် ပါသည်။ ဒေသန္တရဗဟုသုတများအား ရာသီဥတုဆိုင်ရာ သက်ရောက်မှုများ လျှော့ချလုပ်ဆောင် ရာတွင် အသုံးချမှုများကို စနစ်တကျစုစည်းပြီး မှတ်တမ်းတင်ထားရန် လိုအပ်သည် (Myanmar National Framework for Community Disaster Resilience, 2017)။

ကျန်းမာရေး၊ သန့်ရှင်းရေး၊ ရေကြီးမှုသတိပေးစနစ်များနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းရေး အစီအစဥ်များ ကဲ့သို့သော အများသူငှာဝန်ဆောင်မှုများကို ရပ်ရွာအခြေပြုနှင့် မှန်ကန်သော အခြေခံနည်းလမ်းများဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍ၏ စွမ်းဆောင်ရည်နှင့် ခံနိုင်ရည်အားတည်ဆောက်ခြင်း၊ လမ်းကြောင်း သတ်မှတ်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ ဒီရေတောထိန်းသိမ်းကာကွယ်ခြင်း၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရာသီဥတုဒဏ်ခံနိုင်သော အစီအမံများ ရေးဆွဲ ခြင်းနှင့် မြို့ပြဒေသများရှိ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးနိုင်ချေရှိသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖော်ထုတ်ခြင်း စသည်တို့မှာ မြန်မာနိုင်ငံအတွက် လက်ငင်း လုပ်ဆောင် ရမည့် လုပ်ဆောင်ချက်အချို့ဖြစ်သည် (Myanmar National Framework for Community Disaster Resilience, 2017)

## ရာသီဥတုပြောင်းလဲမှုဒဏ်ကို တုန့်ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်မှု

မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းအနေဖြင့် ဤပြဿနာကို အများသူငှာနယ်ပယ်ထဲသို့ ပိုမို ရောက်ရှိလာအောင် ဆွေးနွေးအဖြေရှာရန်နှင့် အဖြေရှာခြင်း လေ့ကျင့်ခန်းများ ပြုလုပ်ရန် လိုအပ်ပါသည်။ ကျောင်းသင်ရိုးညွှန်းတမ်းများ၊ ကောလိပ်အသင်းများ၊ ရပ်ရွာအသင်းအဖွဲ့များနှင့် ဒေသန္တရထိန်းသိမ်းစောင့်ရှောက်ရေး-ကမ်းမွမ်း-အမွေအနှစ်ဘုတ်အဖွဲ့များသည် ပူးပေါင်းပါဝင်မှုကို ကျယ်ပြန့်စေရန် အခွင့်အရေးတိုင်းကို ဆုပ်ကိုင်သင့်သည်။ ရာသီဥတုပြောင်းလဲမှု သည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းကို ပိုမိုနီးကပ်စေပြီး ရေရှည်တည်တံ့သော ဒေသဆိုင်ရာ အရင်းအမြစ်များ လိုအပ်သည့် ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ်တခု ဖြစ်သည်။ ဒေသန္တရအုပ်ချုပ်ရေး၊ ဆုံးဖြတ်ချက်ချရာတွင် လယ်သမားများနှင့် ဒေသခံခေါင်းဆောင်များ၏ ထိတွေ့ဆက်ဆံမှု၊ ပိုမိုကောင်းမွန်သော အစားအစာနှင့် ရေစနစ်များ စီမံခန့်ခွဲမှုနှင့် ကျား-မ ထိခိုက်နိုင်သော ရာသီ ဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာများစသည်တို့သည် ရေရှည်တည်တံ့၍ သာတူညီမျှသော တိုးတက်မှုကို ဖော်ဆောင်ရာတွင် အရေးပါလှသည် (Banerjee၊ ရာသီဥတု ပြောင်းလဲမှု၊ မြန်မာနိုင်ငံ အတွက် အမြဲတမ်းအမှန်တကယ်၊ 2017)။

မြန်မာနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုအရ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို အထိခိုက်ဆုံး အာဆီယံဒေသအတွင်း နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ COP22 အဖွဲ့ဝင်များထဲမှ တစ်ခုလည်း ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ကမ်းရိုးတန်းဒေသ၊ ပြည်သူ့ကျန်းမာရေး၊ ရေအရင်းအမြစ်နှင့် ရပိုင်ခွင့်များ စီမံခန့်ခွဲရေးတို့ ကဲ့သို့သော ကဏ္ဍများတို့အပေါ် အဓိကသက်ရောက်ပါသည်။ မြန်မာနိုင်ငံသည် မိုးရာသီ၏အသက်မွေးမှု နည်းလမ်းများ၊ ရေအရင်းအမြစ်များအပေါ်တွင် မှီခိုနေရဆဲဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍသည် အဓိကအားဖြင့် မြန်မာ့စီးပွားရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတို့တွင် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများနှင့် အကျိုးခံစားခွင့်ရှိသူများသည် ကုလသမဂ္ဂ၏ မူဘောင်နှင့် လူ့အခွင့်အရေးလမ်းညွှန်မူများ (UNGP) ကို ကျင့်သုံးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ဆောင်ရွက်ရာတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်း ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေ ဖြစ်အောင် တုံ့ပြန်ပူးပေါင်းဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည် (ASEAN Cooperation on Climate Change)

အဆုံးသတ်အားဖြင့် ဖော်ပြပါဆောင်းပါးသည် ယနေ့လို အလျင်အမြန်ပြောင်းလဲနေသော နှစ်အပိုင်းအခြားအတွင်း လိုအပ်ချက်များ၊ အားနည်းချက်များ ရှိနိုင်သေးသော်လည်း လက်ရှိ အချိန်တွင် လူထုက ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးနိုင်ရေးကိုအားပေးပြီး စစ်အာဏာ သိမ်းကာလ တုံ့ပြန်ဆောင်ရွက်နိုင်ရေး လူသားချင်းစာနာထောက်ထားမှု အစီအမံများသည် လူကြားမကောင်းအောင် ရယ်မောဖွယ်ရာ ဖြစ်နေခဲ့သည်မှာ ယနေ့အထိဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက် ခံရမှုများသည် ဒီမိုကရေစီကို အရေခြုံ ဟုတ်၊ မဟုတ် အာဏာသိမ်းစစ်အစိုးရ၏ နှစ်နှစ်ကျော်ကြာ ကာလအတွင်း ချိုးဖောက်မှု အမျိုးမျိုးအနက် သဘာဝပတ်ဝန်းကျင်ဆိုရာ လူသားချင်းစာနာ ထောက်ထားမှု အကူအညီ များကို ပိတ်ပင်ခြင်းနှင့် နိုင်ငံတကာ၏ ကယ်ဆယ်ရေးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ပစ္စည်းများကို အလွဲသုံးစားလုပ် မှားယွင်းစွာ စီမံခန့်ခွဲခြင်းတို့သည်လည်း ပြည်သူလူထု၏ အခွင့် အရေးများ ချိုးဖောက် ခံရမှုများပင် ဖြစ်ကြောင်း ဆွေးနွေးတင်ပြထားပါသည်။ ဆက်လက်ပြီး ဖြစ်ပွားလာနိုင်သော သဘာဝဘေးအန္တရာယ်အတွက် ရှေ့ဆက်ပြီး အချိန်နှင့်တပြေးညီ တုံ့ပြန် ဆောင်ရွက်နိုင်ရေးနှင့် ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရေးတို့အတွက် တော်လှန်ရေးကာလ မည်သို့တုံ့ပြန်ဖြည့်ဆည်းနိုင်မည်ကို အတွေ့အကြုံများမှ သင်ခန်းစာယူပြီး လုပ်ဆောင်နိုင်ရေး ပြည်သူလူထုများ၏ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေမှန်များကို ဆက်လက်စောင့်ကြည့် လေ့လာနိုင်ရန် လိုအပ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

နန်းမေသူအောင်

နေ့စွဲ - ၁.၈.၂၀၂၃

# ပြည်ထောင်စုဝန်ကြီး စကားသံ

“ယုံကြည်ခြင်း ဆိုတာ မမြင်ရတဲ့အရာကို မျှော်လင့်ခြင်းဖြစ်တယ်ဆိုရင် ကျနော်တို့ မြင်နေရတဲ့ လတ်တလော အောင်မြင်ခြင်းဟာ ယုံကြည်နေတာ ထက်ကျော်နေပြီ ဆိုတာပါပဲ။”

ဒေါက်တာတူးခေါင် (ပြည်ထောင်စုဝန်ကြီး)



# ကဗျာကဏ္ဍ

## - သမိုင်းသစ်မဲဇာ -

သည်မလေ
လူလေးတို့
မင်းတို့ စိုးမိုးထားတဲ့
မဲဇာ ဆိုသဟာ
ခုအခါ
ပြိုးတိုး ပြောက်တောက်
အပင်ကြီးတွေ မဆိုစလောက်
ကျန်တော့ပေမယ့်
ဟိုတုန်းက
စိမ့်ကြီး မြိုင်ကြီး
ဂနိုင်ကြီးကွယ့်။

ပြာမှိုင်းတဲ့မြူတွေထဲက
သယံဇာတကျိန်စာ
လွှမ်းစရာ့ မဲဇာဟာ
လက်ကျန်အားနဲ့
သူ့သားသမီးတွေကို
ထွေးပိုက်ထားတုံးပါပဲ။

သည်နေရာမှာ
အာဏာရှင် ပဒေသရာဇ်ရဲ့
ဆိုးညစ်တဲ့ အနိုင်ကျင့်မှု
အံတုပြီးနေခဲ့တဲ့ဖြစ်စဉ်
ရာဇဝင်မှာရှိခဲ့ဖူးတယ်။

အမှန်ကိုမြတ်နိုး
အမှန်ကို ကိုးကွယ်
အမှန်လမ်းကိုလျှောက်
မကြောက်တရားကို
လက်ကိုင်ထားခဲ့လို့
ဘုရင်မျက်မာန်ရှခံရ
လက်ဝဲသုန္ဒရတဲ့
အမတ်အို ဦးမြတ်စံ
တဲလေးထိုးလို့ ကြံဖန်နေခဲ့ရတဲ့နေရာဟာ
ဟောဟို ချောင်းကွေ့လေး
ဖြစ်လောက်သကွယ့်။

စီးထွေနေတဲ့ မဲဇာချောင်းဘေးမှာ
သံဝါဖြောက်ဖြောက်
ဆီးနှင်းပေါက်တွေအောက်မှာ
ရွှေနားတော်သွင်း ချောင်းတပုဒ်
သူရေးခဲ့တယ်
နေခြည်ဖြာမှ နွေးပါ့မယ်လို့
သူအားတင်းခဲ့တယ်။

သည်ချောင်းကို နားဆင်လို့
ဘုရင်အမျက်ပြေခဲ့သလား
အမတ်အိုဟာ
သူ့အရိုက်အရာ၊ သူ့နေရာ

သူ့ဖုံကတ္တီပါ၊ သူ့ငွေကွမ်းအစ်
သူ့ချစ်ဇနီး၊ သူ့သားသမီးတွေနဲ့
ပြန်နီးခဲ့သလား
အဲသည်သမိုင်းကို ငါစိတ်မဝင်စား
ဘုရင်သနားမှ
အနေအစားချောင်မယ့်ရာဇဝင်ကို
ငါမြင်ရလည်း လျစ်လျူရှုတယ်
အမှန်တရားသာ အောင်ပွဲခံရမယ်။

အဲဟိုနားတခို
ဝန်းသို၊ ကောလင်း၊ပင်လည်ဘူးမှာ
နယ်ချဲ့ခွေးရူးကို နားကားအောင်
ခါးစွမ်းပြခဲ့တဲ့
သူရဲကောင်းကြီး ဦးအောင်မြတ်ရဲ့
အောင်ပွဲကိုသာ
ငါယုံကြည်တယ်
ငါစိတ်ဝင်စား
ငါအားကျတယ်။

လူ့နှလုံးသားမရှိ၊လူလိုမသိ
လူ့အဆင့်မမီ
ဇာတ်နိမ့် အနွှတွေဟာ
ရတုကိုနားမလည်
ချောင်းကိုနားမလည်
ရွှေပြည်အေးတရားလည်း
နားမလည်

ငြိမ်းချမ်းစွာဆိုတာကိုမသိ
ဆန္ဒ ဖော်ထုတ်တယ်ဆိုတာတော့
ဝေးရော့။

ဗုံးကို ဒရုန်းနဲ့
စက်သေနတ်ကို
လက်လုပ်သေနတ်နဲ့
အာခံပြီး ပြန်တဲ့
ဘာသာစကားကိုသာ
နားလည်တယ်။

တခုပြောဦးမယ်
သစ်တောသစ်ပင်ချစ်ခင်တဲ့
လူလေးတို့
နာမကျန်းတဲ့နိုင်ငံတော်ကို
ထူမဖို့ရာ
တောပျက်ကြီးတွေကြည့်ပြီး
မညည်းညူနဲ့
သစ်တောဆိုတာ
သယံဇာတဆိုတာ
ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပဲ
လုံးဝမျိုးကန်းမသွားသရွေ့
ငါတို့ပြန်ထူထောင်နိုင်တယ်
စနစ်ကောင်းဖို့သာလိုတယ်
လူတွေနှလုံးသားရှိဖို့သာလိုတယ်
ဘာမှမကျန်တော့လည်း

ရှန်းထနိုင်ရမယ်၊
အညာမြေပြာပုံထဲက
မီးလောင်ပြင်သွပ်ပြားမှာ
ဖော်ထုတ်ခဲ့တဲ့ဆန္ဒတွေ
သက်သေပေါ့ကွယ်။

အင်အား
လက်နက်
တွက်ချက်ပြီး
စိတ်မပျက်နဲ့ လူလေးတို့၊
အမိန့်နဲ့သေနတ်ကိုသာ
ကြောက်တတ်တဲ့
ဇာတ်နိမ့်တွေမှာ
ခံယူချက်ဗလာ
နှလုံးသားမရှိ
စိတ်ခွန်အားနတ္ထိ
အဲသဟာ
မင်းလည်းသိ
ငါလည်းသိပါ။

ဒရှန်းတဲ့
အုန်းခနဲ မိုးပေါ်ကကျ
ဆောက်တည်ရာမရ ပြေးလွှားး
မကောင်းသူထိပ်သာရွေးတဲ့
မိုးကြိုးသွား
ပြုံးပြုံးကြီး ကြည့်ပြီးအားရ
မိုက်သဟ

အကုသိုလ် ရတယ်ဆိုလည်း
မင်းတို့မပါစေရ
ငါချည်းသာယူမယ်
အမှန်တရား
ဘက်တော်သားပေါ့ကွယ်။

သည်မယ် လူလေးတို့
ဥပမာတခု ပြောပြမယ်၊
မင်းတို့ရဲ့တိုက်ပွဲဝင်ဆိုင်ကယ်
အဲသည်မယ်
ဒိုင်ခွက်က
ဆီဂိတ်ပြမျှားတံကိုကြည့်
ဆီအပြည့်ဖြည့်ထား
လိုရာခရီးကိုသွား
အလယ်မှတ်မရောက်ခင်
လျော့တယ်လို့ကိုမထင်
အလယ်ကျော်တာနဲ့
ဟောခနဲလျှောဆင်း
ဘယ်အချိန်ဆီကုန်သွားမှန်း
မင်းတောင်မသိလိုက်တာ
သည်သဘောပါပဲကွာ
ခု မွန်းတည့်နေပြီဟ လူရဲ။

မွန်းအတိမ်းမှာ
မိုက်ဇာတ်သိမ်းမယ့်
ခွေးရူးတွေကို
ငါတို့လက်စသိမ်းရမယ်၊

ငါတို့ရှင်သန်အောင်နေရမယ်၊
ငါတို့ဆက်ပြီးချီတက်ရမယ်။
ခွင့်တူညီမျှတဲ့
သမိုင်းသစ်မဲဇာတေးကို
ငါတို့အပြီးရေးရမယ်။

နေခြည်ဖြာတော့ နွေးလိမ့်မယ်
ရောင်နီလာတော့ သွေးတိတ်မယ်၊
နေအရုဏ် အောင်လံအစိုက်မှာ
တောင်ယံတဝိုက် မဲဇာကန္တာ
ပွဲခါညောင်ရေ ရတုကို
လူစုလို့ သံပြိုင်
သောင်းတိုက်ကကြွေးနိုင်အောင်
ဟစ်လိုက်ကြမယ်.....။

**ဟသာ်ာ**

**၂၁.၁၁.၂၀၂၃**

## ဒီဇင်ဘာလအတွင်း

သယံဇာတနှင့် သဘာဝ
ပတ်ဝန်းကျင်ဆိုင်ရာ
**ကမ္ဘာ့အထိမ်းအမှတ်နေ့များ**

### ဒီဇင်ဘာလ ၁၁ ရက်

အပြည်ပြည်ဆိုင်ရာတောင်တန်းများ
နေ့

International Mountain Day

ဆောင်ပုဒ်-တောင်တန်းဒေသဂေဟ
စနစ်များကို ပြန်လည်တည်ထောင်
ခြင်း

# စာမူဖိတ်ခေါ်ခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အနေဖြင့် ပညာပေးကဏ္ဍများ တင်ဆက်ပေးလျက်ရှိရာ

- သယံဇာတစီမံအုပ်ချုပ်ခြင်း၊
- သဘာဝပတ်ဝန်းကျင်၊
- ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်း၊
- ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်ခြင်း၊
- သတ္တုသယံဇာတများ စီမံခန့်ခွဲအသုံးချခြင်းနှင့်
- ဖက်ဒရယ်သယံဇာတ အုပ်ချုပ်မှုစနစ်နှင့် သက်ဆိုင်သော စာမူများ

**(ဆောင်းပါး၊ အတွေးအမြင် စာစု၊ မှတ်စုတို၊ ကဗျာ၊ ကာတွန်း) ကို မိမိတို့ နှစ်သက်ရာ ကလောင်အမည်ဖြင့် ပေးပို့နိုင်ပါကြောင်း** ဖိတ်ခေါ်အပ်ပါသည်။ ပေးပို့လာသော စာမူရှင်များ၏ သတင်းအချက်အလက် လုံခြုံရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် MONREC Facebook Page Messenger (သို့) pramt@monrec.nugmyanmar.org သို့ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

